မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၃ ]  ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက် ( ၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက် ) } သောကြာနေ့  [ အတွဲ ၆၉

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**ကြေညာချက်အမှတ် ၇/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

(၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

**နေပြည်တော်ကောင်စီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၁ နှင့် နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ **"နေပြည်တော်ကောင်စီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဒေါက်တာမျိုးအောင် ဥက္ကဋ္ဌ

(ခ) ဗိုလ်မှူးကြီးမင်းနောင် ကောင်စီဝင်

(ဂ) ဦးအောင်မြင့်ထွန်း ကောင်စီဝင်

(ဃ) ဦးတင်ထွန်း ကောင်စီဝင်

(င) ဦးတင်ထွဋ် ကောင်စီဝင်

(စ) ဦးအေးမောင်စိန် ကောင်စီဝင်

၂။ နေပြည်တော်ကောင်စီဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်အရ နေပြည်တော်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ အကြီးအမှူးသည် ရာထူးအလျောက် နေပြည်တော်ကောင်စီ၏ အတွင်းရေးမှူး ဖြစ်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**ကြေညာချက်အမှတ် ၈/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက် )

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ (က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (စ) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၄ တို့ပါ ပြဋ္ဌာန်းချက်များအရ **"ပြည်ထောင်စုရာထူးဝန်အဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (၁) | ဒေါက်တာဝင်းသိမ်း | ဥက္ကဋ္ဌ |
| (၂) | ဦးဝင်းမော် | အဖွဲ့ဝင် |
| (၃) | ဦးသန်းထွန်း | အဖွဲ့ဝင် |
| (၄) | ဒေါက်တာဦးပွား | အဖွဲ့ဝင် |
| (၅) | ဦးစောဗယ်လင်တိုင်း | အဖွဲ့ဝင် |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက် )

**ပြည်ထောင်စုအဂ္ဂါစဉ် သတ်မှတ်ခြင်း**

နိုင်ငံတော်အခမ်းအနားများနှင့် နိုင်ငံတော်သမ္မတဦးဆောင်သော အစည်းအဝေးများ ပြုလုပ်ရာတွင်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနအချင်းချင်း ဆက်သွယ်ဆောင်ရွက်ရာတွင်လည်းကောင်း စနစ်တကျရှိစေရေးနှင့် မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဂ္ဂါစဉ်ကို ပူးတွဲပါအတိုင်း သတ်မှတ်လိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပူးတွဲ**

**ပြည်ထောင်စုအဂ္ဂါစဉ်**

| | |
|---|---|
| ၁ | နိုင်ငံတော်သမ္မတ |
| ၂ | နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် |
| ၃ | ဒုတိယသမ္မတ (၁) |
| ၄ | ဒုတိယသမ္မတ (၂) |

| | |
|---|---|
| ၅ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ |
| ၆ | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ |
| ၇ | ပြည်ထောင်စုတရားသူကြီးချုပ် |
| ၈ | တပ်မတော်ကာကွယ်ရေးဦးစီးချုပ် |
| ၉ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ |
| ၁၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ |
| ၁၁ | ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် |
| ၁၂ | ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ |
| ၁၃ | အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ |
| ၁၄ | ပြည်ထောင်စုဝန်ကြီးများ |
| ၁၅ | ပြည်ထောင်စုရှေ့နေချုပ် |
| ၁၆ | ပြည်ထောင်စုစာရင်းစစ်ချုပ် |
| ၁၇ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ |
| ၁၈ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ |
| ၁၉ | ဝန်ကြီးချုပ်များ |
| ၂၀ | မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ |
| ၂၁ | ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) |
| ၂၂ | တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီးများ |
| ၂၃ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ |
| ၂၄ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ |
| ၂၅ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ |
| ၂၆ | ဥပဒေကြမ်းကော်မတီ |
| ၂၇ | ပြည်သူ့ငွေစာရင်းကော်မတီ |
| ၂၈ | လွှတ်တော်အခွင့်အရေးကော်မတီ |
| ၂၉ | အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ |
| ၃၀ | တိုင်းမှူးများ |
| ၃၁ | ဒုတိယဝန်ကြီးများ |
| ၃၂ | ဒုတိယရှေ့နေချုပ် |
| ၃၃ | ဒုတိယစာရင်းစစ်ချုပ် |
| ၃၄ | ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်များ |
| ၃၅ | နေပြည်တော်ကောင်စီဝင်များ |
| ၃၆ | တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ |
| ၃၇ | မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌများ |
| ၃၈ | ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၈ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အစမ်းခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလွင်အား မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၈ ရက် )

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက်**
**အကောင်အထည်ဖော်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်နှင့် အစ္စတန်ဘူလ်ကြေညာချက်နှင့် ရှေ့လုပ်ငန်းစဉ်ပါ ဦးစားပေးဆောင်ရွက်ရမည့် နယ်ပယ်များတွင် မူဝါဒချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **"ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ရေးအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဒုတိယသမ္မတ (၂) ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန
သမ္မတရုံးဝန်ကြီးဌာန

(ဂ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(င) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(စ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဇ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဈ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ည) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဋ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဌ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဍ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဎ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဏ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(တ) ပြည်ထောင်စုဝန်ကြီး အတွင်းရေးမှူး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၁)
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၂)
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အစ္စတန်ဘူလ်ကြေညာချက်နှင့် ရှေ့လုပ်ငန်းစဉ်ပါ ဦးစားပေးဆောင်ရွက်ရမည့် နယ်ပယ်များကို သက်ဆိုင်ရာကဏ္ဍစီမံကိန်းတွင် ထည့်သွင်း၍ ချိတ်ဆက်အကောင်အထည်ဖော်ရန်။

(ခ) ဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်မှုကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်။

(ဂ) အညွှန်းကိန်းများ တွက်ချက်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်ရန်။

(ဃ) နည်းပညာဆိုင်ရာလိုအပ်ချက်များနှင့် အကူအညီများအား နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်။

(င) ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် လမ်းပြမြေပုံ (Roadmap) ကို စနစ်တကျ ရေးဆွဲဆောင်ရွက်ရန်။

(စ) (၃) လ တစ်ကြိမ် တိုးတက်မှုအခြေအနေကို နိုင်ငံတော်သမ္မတထံ အစီရင်ခံတင်ပြရန်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၂ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ယခင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဇော်မင်းဦးကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

(ပုံ) ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၃ ရက် )

**စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီ ဖွဲ့စည်းခြင်း**

၁။ လက်တွေ့ကျသည့် စီမံကိန်းများနှင့် မူဝါဒများ မှန်ကန်စွာချမှတ်နိုင်ရန်၊ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်၊ စောင့်ကြည့်လေ့လာရန်နှင့် သုံးသပ်နိုင်ရန်၊ စာရင်းအင်းအချက်အလက်များမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကိစ္စရပ်အား သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ Stakeholder များနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် **"စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | နာယက |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ဂ) | စီးပွားရေးနှင့် သက်ဆိုင်သည့်ဝန်ကြီးများ<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဇ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဈ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဋ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဌ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဍ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဎ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဏ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(တ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ထ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဒ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဓ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(န) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ပ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဖ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဗ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ခေတ်နှင့် လျော်ညီသည့် အမျိုးသားစာရင်းအင်းဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ရေးနှင့် ဥပဒေ သက်ရောက်မှုရှိရေးအတွက် လမ်းညွှန်ကြီးကြပ်ရန်။

(ခ) စာရင်းအင်းကိန်းဂဏန်း အချက်အလက်များ တိကျမှန်ကန်ရေး ဆောင်ရွက်ရန်။

(ဂ) အမျိုးသားစာရင်းအင်းစနစ်ကို တည်ထောင်ရာတွင် လိုအပ်သည့် အကြံဉာဏ်နှင့် လမ်းညွှန်မှုများ ပေးရန်။

(ဃ) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်တမ်းနှင့် စာရင်းအင်းဆိုင်ရာ လုပ်ငန်းရပ်များ ဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲ လမ်းညွှန်ရန်။

(င) ပြည်ထောင်စုဝန်ကြီးဌာနအလိုက် တာဝန်ယူရသော ကဏ္ဍအသီးသီးတွင် ပြည့်စုံကောင်းမွန်သည့် စာရင်းအင်းနှင့် စစ်တမ်းတစ်ရပ် ပေါ်ပေါက်လာရေး ပေါင်းစပ်ညှိနှိုင်းရန်။

(စ) နိုင်ငံတကာ စာရင်းအင်းစနစ်များနှင့် လိုက်လျောညီထွေရှိစေရန် အမျိုးသားစာရင်းအင်းစနစ် အပေါ် အကဲဖြတ်သုံးသပ်ခြင်း၊ လိုအပ်ချက်များကို ကဏ္ဍအလိုက် သုံးသပ်ခြင်းနှင့် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရန်။

(ဆ) ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ စာရင်းအင်း ကောက်ယူသည့်စနစ်နှင့် စာရင်းအင်းပြုစုခြင်းဆိုင်ရာနည်းစနစ်များ တစ်ပြေးညီဖြစ်စေရေး ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် သင်တန်းပေးခြင်းများအား စီမံဆောင်ရွက်ရန်။

(ဇ) အမျိုးသားစာရင်းအင်းဆိုင်ရာ အဖွဲ့အစည်းများ၏ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးမှု၊ အမျိုးသားအဆင့် မဟာဗျူဟာအကောင်အထည်ဖော်ဆောင်ရေးနှင့် စီမံခန့်ခွဲမှုတို့ကို ကြီးကြပ်လမ်းညွှန်ရန်။

၃။ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများကို အခါအားလျော်စွာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြအစီရင်ခံရန်နှင့် လိုအပ်သည့် ကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၃ ရက် )

## မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသအတွင်း အရေးပေါ်အသက်ဘေးအန္တရာယ်ကျရောက်သူများအား ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဒေသတွင်းနိုင်ငံများအကြား ထိရောက်စွာညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားရှာဖွေကယ်ဆယ်ရေး အစီအမံများကို စနစ်တကျချမှတ်အကောင်အထည်ဖော်နိုင်ရန်အတွက် **"မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေး ကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(ခ) ပြည်ထောင်စုဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဂ) စစ်ဦးစီးအရာရှိချုပ် (ကြည်း) — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ဃ) စစ်ဦးစီးအရာရှိချုပ် (ရေ) — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)

(င) စစ်ဦးစီးအရာရှိချုပ် (လေ) — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)

(စ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဇ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဈ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဋ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(တ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ထ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း

(ဒ) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန

၂။ မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အမျိုးသားသဘာဝဘေးကာကွယ်ရေးစီမံချက်အား နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် ပြန်လည်ရေးဆွဲနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ မူဝါဒတောင်းခံ၍ဆက်လက်ဆောင်ရွက်ခြင်း။

(ခ) သဘာဝဘေး (ရေ၊ လေ၊ ဆူနာမီ၊ မီးဘေး၊ ငလျင်) အလိုက် ဖြစ်နိုင်ဖွယ်ရှိသောဒေသနှင့် လူဦးရေများအား လေ့လာ၍ ဘေးဒုက္ခသည်များအား ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ အတွက် ပြင်ဆင်ထားခြင်း၊ ထိုဒေသရှိ မြေပြင်အနေအထားပေါ် မူတည်၍ ဒုက္ခသည်များ တိမ်းရှောင်ခိုလှုံနိုင်သောနေရာများ၊ ရုတ်ခြည်းလိုအပ်နိုင် သက်ကယ်ပစ္စည်း၊ ရှာဖွေကယ်ဆယ်ရေး

လုပ်ငန်းများ၊ အချိန်မီဆောင်ရွက်နိုင်ရန် လိုအပ်သော ယာဉ်နှင့်စက်ယန္တရားများ၊ စက်သုံးဆီများ၊ အသက်ရှင်နေထိုင်ရန် လိုအပ်သောရိက္ခာ ပစ္စည်းအခြေအနေများအား ကြိုတင်လေ့လာပြီး အရန်သင့်စုစည်းပြင်ဆင်ထားခြင်း။

(ဂ) ငလျင်ဘေး၊ မီးဘေးများတွင် ပိတ်မိနေသော ဒုက္ခသည်များအား ရှာဖွေကယ်ဆယ်နိုင်ရေးအတွက် ဒေသအလိုက် အထူးအဖွဲ့များ ဖွဲ့စည်းလေ့ကျင့်ခြင်း။

(ဃ) အရေးပေါ်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် အစိုးရဌာနများအချင်းချင်း၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရန် ပြင်ဆင်ခြင်း။

(င) သဘာဝဘေးအန္တရာယ်ခံစားနေကြရသူများ၊ အသက်ဘေးမှ လွတ်မြောက်စေရန်နှင့် အသက်ရှင်ကျန်နေသူများအားလုံး ဆက်လက်ရှင်သန်နိုင်ရေး စုဖွဲ့စီမံခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် လှုပ်ရှားလေ့ကျင့်ခြင်းများ ဆောင်ရွက်ခြင်း။

(စ) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများပြီးသည်နှင့် ကယ်ဆယ်စောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေး၊ နေရာချထားရေး လုပ်ငန်းကော်မတီအဖွဲ့သို့ အချိန်မီလွှဲပြောင်းပေးခြင်း။

(ဆ) ပြည်ပမှ အကူအညီလိုအပ်သည်ဟု ဆုံးဖြတ်သောကိစ္စရပ်များအတွက် ပေါင်းစပ်ဆောင်ရွက်ရေးဆိုင်ရာ မူဝါဒလမ်းညွှန်ချမှတ်ပေးခြင်း။

(ဇ) အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော ဒေသများတွင် သဘာဝဘေးများ ကျရောက်မှုနှင့်စပ်လျဉ်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ နှစ်ဖက်ညှိနှိုင်းလုပ်ဆောင်ခြင်း။

(ဈ) အခင်းဖြစ်ပွားရာနေရာရှိ ရှာဖွေရေးခေါင်းဆောင်သည် အထက်တာဝန်ရှိပုဂ္ဂိုလ်များနှင့် အဆက်အသွယ်မပြတ်စေရေး ညွှန်ကြားဆောင်ရွက်ခြင်း။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၄ ရက် )

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ ဦးတည်ချက်များနှင့်အညီ ဦးစားပေးကဏ္ဍအလိုက် အတည်ပြုခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြင်ဆင်အတည်ပြုခြင်းစသည့် စိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် **"တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေး ကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည်-

| | |
|---|---|
| (က) ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဆောင်ရွက်လိုသည့် တည်ဆောက်ရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုကိုရရှိမည့် အကျိုးသက်ရောက်မှုဖြင့် နှိုင်းယှဉ်လေ့လာ စိစစ်သွားရန်။

(ခ) ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ရေးလုပ်ငန်းများကို တည်ဆဲစည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ရန်။

(ဂ) တည်ဆောက်ရေးလုပ်ငန်းများ၏ နည်းစနစ်၊ လုပ်ငန်းအစီအစဉ်နှင့် တိုးတက်မှုအခြေအနေများကို သုံးသပ်ရန်။

(ဃ) တည်ဆောက်ရေးလုပ်ငန်းများအတွက် ဦးစားပေးအဆင့် အတည်ပြုသတ်မှတ်ပေးရန်။

(င) ဝန်ကြီးဌာနများက ဆောင်ရွက်ရန်တင်ပြသော တည်ဆောက်ရေးလုပ်ငန်းများကို နည်းပညာနှင့် ဒီဇိုင်းများခေတ်မီ၍ စံချိန်စံညွှန်းပြည့်မီစွာ ဆောက်လုပ်နိုင်ရေးနှင့် အကုန်အကျသက်သာစေရေး စိစစ်ပေးရန်။

(စ) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အဆိုပြုတင်ပြသည့်နေရာများကို စိစစ်ရန်။

(ဆ) မြေနှင့် အဆောက်အဦများကို တည်ဆောက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်က သိမ်းဆည်းရန် လိုအပ်ပါက ဥပဒေစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရန်။

(ဇ) ဌာနဆိုင်ရာများမှ အဆောက်အဦများအား ကန်ထရိုက်စနစ်ဖြင့် တည်ဆောက်ရာတွင် သုံးစွဲသည့် ပစ္စည်းအရည်အသွေးနှင့် ဈေးနှုန်းများ မှန်ကန်မှု ရှိ/မရှိ စိစစ်ရန်။

(ဈ) ဆောင်ရွက်လိုသည့် တည်ဆောက်ရေးလုပ်ငန်းများ နေရာဒေသ၊ ပတ်ဝန်းကျင်အခြေအနေနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ပေးရန်။

(ည) ဝန်ကြီးဌာနအသီးသီးက တင်ပြလာသော တည်ဆောက်ရေးလုပ်ငန်းကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ ဦးတည်ချက်များနှင့်အညီ ဦးစားပေးကဏ္ဍအလိုက် အတည်ပြုခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြင်ဆင်အတည်ပြုခြင်းစသည်တို့အား ဆောင်ရွက်ရာတွင် "မူ" အားဖြင့် ဆုံးဖြတ်ခွင့်ပြုပေးနိုင်ခြင်းမရှိသည့် လုပ်ငန်းကိစ္စရပ်များ ပေါ်ပေါက်လာပါက နိုင်ငံတော်သမ္မတထံ တင်ပြလမ်းညွှန်မှု ခံယူရန်။

(ဠ) နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူရန်။

(ဋ) ပြည်ထောင်စုအစိုးရအဖွဲ့မှ ညွှန်ကြားသည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်။

(ဌ) ကော်မတီသည် လိုအပ်သော လုပ်ငန်းလမ်းညွှန်ချက်များကို ထုတ်ပြန်ဆောင်ရွက်သွားရန်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်
( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက် )

### မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီနှင့် မြန်မာ-ထိုင်း မြို့နယ်အဆင့် နယ်ခြားကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာ-ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီနှင့် မြန်မာ-ထိုင်းမြို့နယ်အဆင့် နယ်ခြားကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

**မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီ**

| | | |
|---|---|---|
| (က) | စစ်ဆင်ရေးအထူးအဖွဲ့မှူး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)<br>အမှတ် (၄) စစ်ဆင်ရေးအထူးအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | စစ်ဆင်ရေးအထူးအဖွဲ့မှူး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)<br>အမှတ် (၂) စစ်ဆင်ရေးအထူးအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | တိုင်းမှူး<br>အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဃ) | တိုင်းမှူး<br>အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (င) | တိုင်းမှူး<br>တြိဂံဒေသတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (စ) | တိုင်းမှူး<br>အရှေ့တောင်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | တိုင်းမှူး<br>ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |

(ဈ) ဌာနချုပ်မှူး အဖွဲ့ဝင်
တနင်္သာရီရေတပ်စခန်းဌာနချုပ်

(ည) ဌာနချုပ်မှူး အဖွဲ့ဝင်
နမ့်စန်လေတပ်စခန်းဌာနချုပ်

(ဋ) ဌာနချုပ်မှူး အဖွဲ့ဝင်
မြိတ်လေတပ်စခန်းဌာနချုပ်

(ဌ) ဒုတိယရဲချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(တ) ဒုတိယစစ်ဥပဒေချုပ် အဖွဲ့ဝင်
စစ်ဥပဒေချုပ်ရုံး

(ထ) ဌာနကြီးမှူး အတွင်းရေးမှူး
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး

(ဒ) စစ်ဦးစီးမှူး (ပထမတန်း) တွဲဖက်အတွင်းရေးမှူး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးဌာနခွဲ

၂။ မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ချမှတ်ပေးသော မူဝါဒဘောင်အတွင်းမှ မြန်မာ-ထိုင်းနယ်စပ်ဒေသတွင် အရေးတကြီးဆောင်ရွက်ရန် ပြဿနာများပေါ်ပေါက်လာသည့် အခါ တစ်ဖက်ဒေသဆိုင်ရာ နယ်ခြားကော်မတီနှင့် အပြန်အလှန်ဆက်သွယ်၍ ပူးပေါင်းညှိနှိုင်း ဖြေရှင်းရပါမည်။

(ခ) ပေါ်ပေါက်လာသည့် ပြဿနာများကို လျင်မြန်စွာ ဖြေရှင်းနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရပါမည်။

(ဂ) လုံခြုံရေးကိစ္စရပ်များမှအပ နယ်ခြားဒေသတွင် ပေါ်ပေါက်လာသည့် စီးပွားရေး၊ လူမှုရေး၊ လူဝင်မှု၊ အကောက်ခွန်၊ မှုခင်းနှင့် မူးယစ်ဆေးဝါးကိစ္စရပ်များကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆက်သွယ်ညှိနှိုင်းပေးရပါမည်။

(ဃ) ပြဿနာများပေါ်ပေါက်မှုမရှိစေရန်အတွက် လိုအပ်သော ကြိုတင်စီမံမှုများ၊ နည်းလမ်းရှာဖွေ ကြံဆခြင်းများ၊ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းမူများ ချမှတ်ထားရှိရပါမည်။

(င) စီမံခန့်ခွဲရေးအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းပေးရပါမည်။

(စ) မြို့နယ်ဆိုင်ရာ နယ်ခြားကော်မတီများ လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများကို ချမှတ်ပေးပြီး ယင်းကော်မတီများ၏ လုပ်ငန်းများကို ကြီးကြပ်ရပါမည်။

(ဆ) နယ်စပ်ဒေသပြဿနာများ ဖြေရှင်းဆောင်ရွက်ရာတွင် အခက်အခဲပေါ်ပေါက်ပါက ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရပါမည်။

(ဇ) အဖွဲ့ဝင်များ ဖြည့်တင်းခန့်ထားရန် လိုအပ်ပါက ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သို့ တင်ပြခွင့်ပြုချက် ရယူရမည်။

(ဈ) ဒေသဆိုင်ရာ နယ်ခြားကော်မတီ၏ လုပ်ငန်းအရပ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ကုန်ကျမည့်အသုံးစရိတ်ခန့်မှန်းခြေကို ကာကွယ်ရေးဝန်ကြီးဌာန၏ ငွေစာရင်းတွင် ထည့်သွင်းတောင်းခံရမည်။

(ည) ခွင့်ပြုချက်ရရှိသည့် ရန်ပုံငွေကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၏ ညွှန်ကြားချက်နှင့်အညီ ခွဲဝေသုံးစွဲပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ငွေစာရင်းရုံးက စစ်ဆေးအတည်ပြုပေးရမည်။

(ဋ) ဒေသဆိုင်ရာနယ်ခြားကော်မတီသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှတစ်ဆင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ တာဝန်ခံရမည်။

**မြန်မာ-ထိုင်း မြို့နယ်အဆင့် နယ်ခြားကော်မတီ**
**တာချီလိတ်**

| | | |
|---|---|---|
| (က) | တပ်ရင်းမှူး | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | စစ်ဦးစီးမှူး (တတိယတန်း)<br>စစ်ဗျူဟာအဖွဲ့ (အခြေချ)၊ တာချီလိတ် | အတွင်းရေးမှူး |

**ဖားဆောင်း**

| | | |
|---|---|---|
| (က) | တပ်ရင်းမှူး | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | စစ်ဦးစီးမှူး (တတိယတန်း)<br>စစ်ဗျူဟာအဖွဲ့ (အခြေချ)၊ ဖားဆောင်း | အတွင်းရေးမှူး |

**ဘောလခဲ**

| | | |
|---|---|---|
| (က) | တပ်ရင်းမှူး | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | စစ်ဦးစီးမှူး (တတိယတန်း)<br>စစ်ဗျူဟာအဖွဲ့ (အခြေချ)၊ ဘောလခဲ | အတွင်းရေးမှူး |

**မြဝတီ**

| | | |
|---|---|---|
| (က) | တပ်ရင်းမှူး | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | စစ်ဦးစီးမှူး (တတိယတန်း)<br>စစ်ဗျူဟာအဖွဲ့ (အခြေချ)၊ သက်န်းညီနောင် | အတွင်းရေးမှူး |

**ကြာအင်းဆိပ်ကြီး**

| | | |
|---|---|---|
| (က) | တပ်ရင်းမှူး | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | စစ်ဦးစီးမှူး (တတိယတန်း)<br>စစ်ဗျူဟာအဖွဲ့ (အခြေချ)၊ ကြာအင်းဆိပ်ကြီး | အတွင်းရေးမှူး |

**ကော့သောင်း**

| | | |
|---|---|---|
| (က) | တပ်ရင်းမှူး | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | စစ်ဦးစီးမှူး (တတိယတန်း)<br>စစ်ဗျူဟာအဖွဲ့ (အခြေချ)၊ ကော့သောင်း | အတွင်းရေးမှူး |

၃။ မြန်မာ-ထိုင်း မြို့နယ်အဆင့် နယ်ခြားကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မိမိတို့နယ်မြေအတွင်း နယ်စပ်ပြဿနာများ ပေါ်ပေါက်လာသည့်အခါ တစ်ဖက်မြို့နယ်ဆိုင်ရာ နယ်ခြားကော်မတီနှင့် အပြန်အလှန်ဆက်သွယ်၍ ပူးပေါင်းညှိနှိုင်း ဖြေရှင်းရမည်။

(ခ) ပေါ်ပေါက်လာသည့် ပြဿနာများကို လျင်မြန်စွာ ဖြေရှင်းနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) လုံခြုံရေးကိစ္စရပ်များမှအပ နယ်ခြားဒေသတွင် ပေါ်ပေါက်လာသည့် စီးပွားရေး၊ လူမှုရေး၊ လူဝင်မှု၊ အကောက်ခွန်၊ မူးခင်းနှင့် မူးယစ်ဆေးဝါးကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းနိုင်ရန် အထက်သို့ တင်ပြရမည်။

(ဃ) ပြဿနာများပေါ်ပေါက်မှုမရှိစေရန်အတွက် လိုအပ်သော ကြိုတင်စီမံမှုများကို ဒေသဆိုင်ရာ နယ်ခြားကော်မတီက ချမှတ်ပေးသော လုပ်ထုံးလုပ်နည်းမူများနှင့်အညီ ဆောင်ရွက်သွားရမည်။

(င) စီမံခန့်ခွဲရေးအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းရမည်။

(စ) နယ်စပ်ပြဿနာများ ဖြေရှင်းဆောင်ရွက်ရာ၌ အခက်အခဲပေါ်ပေါက်ပါက ဒေသဆိုင်ရာ နယ်ခြားကော်မတီသို့ တင်ပြရမည်။

(ဆ) ရန်ပုံငွေကိစ္စရပ်များအတွက် ဒေသဆိုင်ရာနယ်ခြားကော်မတီသို့ တင်ပြရမည်။

(ဇ) မြို့နယ်ဆိုင်ရာ နယ်ခြားကော်မတီများသည် ဒေသဆိုင်ရာနယ်ခြားကော်မတီသို့ တာဝန်ခံရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်
( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက် )

### မြန်မာ-လာအိုဒေသဆိုင်ရာ နယ်ခြားကော်မတီပြင်ဆင် ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာ-လာအိုဒေသဆိုင်ရာ နယ်ခြားကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်-

| | | |
|---|---|---|
| (က) | စစ်ဗျူဟာမှူး<br>စစ်ဗျူဟာအဖွဲ့(အခြေချ)၊ တာချီလိတ်<br>တြိဂံဒေသတိုင်းစစ်ဌာနချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ရှမ်းပြည်နယ်အရှေ့ပိုင်းရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | လက်ထောက်စစ်ဥပဒေချုပ်<br>တြိဂံဒေသတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူး<br>နယ်နိမိတ်ရေးရာဌာန<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | စစ်ဦးစီးမှူး (ဒုတိယတန်း)<br>စစ်ဗျူဟာအဖွဲ့ (အခြေချ)၊ (တာချီလိတ်)<br>တြိဂံဒေသတိုင်းစစ်ဌာနချုပ် | အတွင်းရေးမှူး |
| (ဆ) | ဦးစီးအရာရှိ<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>တာချီလိတ် | တွဲဖက်အတွင်းရေးမှူး |

(ဇ) ဒုတိယညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
နိုင်ငံရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်
( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက် )

## မြန်မာ-ထိုင်း နယ်နိမိတ်မြစ်များဆိုင်ရာ နည်းပညာကျွမ်းကျင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာ-ထိုင်း နယ်နိမိတ်မြစ်များဆိုင်ရာ နည်းပညာကျွမ်းကျင်ကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန

(ခ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ဂ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရေအရင်းအမြစ်ဦးစီးဌာန

(င) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြေတိုင်းဦးစီးဌာန

(စ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်

(ဆ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
သက်ဆိုင်ရာခရိုင်/မြို့နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဇ) ဒုတိယတပ်မှူး — အဖွဲ့ဝင်
ရေတပ်ပင်မတိုင်းတာရေးတပ်

(ဈ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
နယ်နိမိတ်ဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

၂။ နယ်နိမိတ်မြစ်များဆိုင်ရာ မြန်မာနည်းပညာကျွမ်းကျင်ကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ချမှတ်ပေးသော မူဝါဒဘောင်အတွင်း မြန်မာ-ထိုင်းနယ်နိမိတ်မြစ်များတွင် မြန်မာနိုင်ငံ၏ သဘောတူညီမှုမပါဝင်ဘဲ ထိုင်းဘက်က တစ်ဖက်သတ် မြေထိန်းနံရံများဆောက်လုပ်ခြင်း၊ ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောက်လုပ် နေခြင်းများကို ထိုင်းကိုယ်စားလှယ်အဖွဲ့နှင့် ပူးတွဲကွင်းဆင်းစစ်ဆေးခြင်း။

(ခ) ပူးတွဲကွင်းဆင်းစစ်ဆေးတွေ့ရှိချက်ကို အခြေပြု၍ နှစ်နိုင်ငံသဘောတူ ဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေခြင်း။

(ဂ) မြန်မာနိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် တုံ့ပြန်ဆောင်ရွက်နိုင်မည့် (သို့မဟုတ်) အဆိုပြုနိုင် မည့် နည်းလမ်းများ ရှာဖွေခြင်း။

(ဃ) ရှာဖွေတွေ့ရှိခဲ့ပြီး မိမိဘက်က လက်ခံနိုင်ဖွယ်ရှိသော ရရှိလာသည့် နည်းလမ်းများကို အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

**အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၅) မှ သဘောတူညီချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီကို အထောက်အကူပြုဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၃၀/၂၀၁၁) ဖြင့် ဖွဲ့စည်းခဲ့သော **"အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီ"** အား အောက်ပါအတိုင်း ပြန်လည်ပြင်ဆင် ဖွဲ့စည်းလိုက်သည် -

(က) ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
သမဝါယမဦးစီးဌာန

(ဂ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

| | | |
|---|---|---|
| (ယ) | ညွှန်ကြားရေးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယအထွေထွေမန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အတွင်းရေးမှူး |
| (ဇ) | ညွှန်ကြားရေးမှူး<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်
( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

## နိုင်ငံခြားရေးရာမူဝါဒကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သော **နိုင်ငံခြားရေးရာမူဝါဒကော်မတီ**အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၅ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် ပြည်ထောင်စုလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးအား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူ ဦးကျော်စိုးသည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ပြည်ထောင်စုလွှတ်တော်ရုံး၏ တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ် ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

### အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၅ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၁၅ အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်ကို အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်နှင့် ဆိုင်ရာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ်

ပူးတွဲတာဝန်ပေးအပ်ထားခြင်းမှ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

၁။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူ ဦးစိုးအောင်သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များအပြင် ဝန်ကြီးဌာနရုံး၏ တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ် ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၂ ရက် )

**ပညာရေး၊ ကျန်းမာရေးနှင့်လူမှုစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌအား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၂ ရက် )

**အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်မှ မြို့ပြလေကြောင်းလုပ်ငန်းများ လုံခြုံချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သတ်မှတ်

ပြဋ္ဌာန်းထားသော စံချိန်စံညွှန်းများနှင့်အညီ မြို့ပြလေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းကြီးကြပ် ဆောင်ရွက်နိုင်ရန်အလို့ငှာ အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဋ) | ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) မှ<br>ရွေးချယ်စေလွှတ်သူတစ်ဦး | အဖွဲ့ဝင် |
| (ဌ) | တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံးမှ<br>ရွေးချယ်စေလွှတ်သူတစ်ဦး | အဖွဲ့ဝင် |
| (ဍ) | သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရမှ<br>ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |
| (ဏ) | ဒုတိယရဲချုပ်<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ချီကာဂိုကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ (၁၇) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမျိုးသားလေကြောင်း လုံခြုံရေး အစီအစဉ်တစ်ရပ်ကို ထူထောင်ရန်၊ အကောင်အထည်ဖော်ရန်နှင့်ထိန်းသိမ်းထားရှိနိုင်ရန် အတွက်သင့်လျော်သည့် အာဏာပိုင်အဖွဲ့အစည်းတစ်ရပ် ထူထောင်ရန်။

(ခ) နိုင်ငံတော်၏ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းတို့အကြား လေကြောင်းလုံခြုံရေးတို့အတွက် တာဝန်အသီးသီးကို ခွဲဝေသတ်မှတ်ရန်၊ အမျိုးသားလေကြောင်း လုံခြုံရေး အစီအစဉ်ကို ဆောင်ရွက်ရာတွင် ညှိနှိုင်းရန်နှင့် စောင့်ကြပ်စစ်ဆေးရန်တို့အတွက် ယင်းအာဏာပိုင် အဖွဲ့အစည်း၏ လိုအပ်သော လုပ်ပိုင်ခွင့်အာဏာများကို သတ်မှတ်ပြဋ္ဌာန်း ပေးရန်။

(ဂ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲလုပ်ငန်းတာဝန်များနှင့်လုံခြုံရေးအာဏာပိုင်များ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရေး၊ အာဏာပိုင်အဖွဲ့အစည်းအား ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရေးနှင့် ထိန်းသိမ်းရေး တို့အတွက် လုပ်ပိုင်ခွင့်များ သတ်မှတ်ပြဋ္ဌာန်းပေးရန်။

(ဃ) လူပုဂ္ဂိုလ်များ၊ ဝန်စည်စလယ်များနှင့် ပစ္စည်းများကို ရှာဖွေရန်နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် အတွက် လုပ်ပိုင်ခွင့်များ သတ်မှတ်ပြဋ္ဌာန်းပေးရန်။

(င) အမျိုးသားလေကြောင်းလုံခြုံရေး အစီအစဉ်၏ ပြဋ္ဌာန်းချက်များနှင့်အညီ လေဆိပ်နှင့်လေကြောင်း ခရီးစဉ်လုပ်ငန်းလုပ်ကိုင်သူများနှင့် လေကြောင်းပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူ များက လိုက်နာစေရေးအတွက် ကြီးကြပ်ရန်။

(စ) အပြည်ပြည်ဆိုင်ရာ လေကြောင်းဝန်ဆောင်မှုလုပ်ငန်းရှင်များသည် အမျိုးသားလေကြောင်း လုံခြုံရေးအစီအစဉ်နှင့်အညီ မိမိတို့၏ လုံခြုံရေးအစီအစဉ်များကို တင်သွင်းကြစေရန်နှင့် ယင်းတို့ကို အတည်ပြုပေးပြီး လုပ်ငန်းဆောင်ရွက်စေရေးအတွက် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းရှင်များကို ကြီးကြပ်ရန်။

(ဆ) လေကြောင်းပို့ဆောင်ရေးမှ တာဝန်ပေးသည့်အရာရှိများက သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်နှင့် အညီ လိုက်နာစေရေးအတွက် ဆောင်ရွက်နိုင်ရန်နှင့် လေကြောင်းလုံခြုံမှု အစီအစဉ် ထိရောက်စေရေး၊ ယင်းကို အကောင်အထည်ဖော်ရေးတို့အတွက် စောင့်ကြပ်ကြည့်ရှုရန်။

(ဇ) လေကြောင်းပို့ဆောင်ရေး လုံခြုံမှုကို ထိပါးသည့် ပြစ်မှုအမျိုးအစားများကို သတ်မှတ်ရန်။

(ဈ) မြို့ပြလေကြောင်းလုံခြုံရေးဆိုင်ရာနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များ ဖြစ်ပေါ်လာစေရေးကိစ္စများ ဆောင်ရွက်ရန်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၂ ရက် )

## အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် အပြည်ပြည်ဆိုင်ရာ မြို့ပြ လေကြောင်းအဖွဲ့ချုပ်မှ မြို့ပြလေကြောင်းလုပ်ငန်းများ လုံခြုံချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သတ်မှတ် ပြဋ္ဌာန်းထားသော စံချိန်စံညွှန်းများနှင့်အညီ မြို့ပြလေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းကြီးကြပ်

ဆောင်ရွက်နိုင်ရန်အလို့ငှာ အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဋ) | ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) မှ<br>ရွေးချယ်စေလွှတ်သူတစ်ဦး | အဖွဲ့ဝင် |
| (ဌ) | တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံးမှ<br>ရွေးချယ်စေလွှတ်သူတစ်ဦး | အဖွဲ့ဝင် |
| (ဍ) | သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရမှ<br>ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |
| (ဏ) | ရဲမှူးချုပ်<br>လေကြောင်းရဲတပ်ဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

၂။ အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာမူဝါဒများအရ မြို့ပြလေကြောင်းလုံခြုံရေး လိုအပ်ချက်များအား အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးအစီအစဉ်နှင့်အညီ ရေးဆွဲထားရှိသော လေကြောင်းလုံခြုံရေး လုပ်ငန်းစဉ်များအား ခေတ်ကာလနှင့်လျော်ညီစွာ သုံးသပ်ပြင်ဆင် ဆောင်ရွက်စေခြင်း။

(ခ) အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ လေကြောင်းကုမ္ပဏီများ၊ လေဆိပ်အာဏာပိုင်များနှင့်အခြားတာဝန်ရှိအဖွဲ့

အစည်းများသို့ နိုင်ငံတော်အစိုးရ၏ မြို့ပြလေကြောင်းလုံခြုံရေး မူဝါဒဆိုင်ရာလမ်းညွှန်ချက်များနှင့် အညီ လုပ်ငန်းတာဝန်များကို ခွဲဝေချထား တာဝန်ပေးအပ်ခြင်း။

(ဂ) အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးအစီအစဉ်ပါ လုံခြုံရေးဆိုင်ရာလုပ်ငန်းစဉ်များကို တာဝန်ရှိ အဖွဲ့အစည်းများက သတ်မှတ်အနိမ့်ဆုံး စံနှုန်းထက်မနည်းစေဘဲ အကောင်အထည်ဖော်ဆောင်ရေး အတွက် ကြီးကြပ်ဆောင်ရွက်ပေးခြင်း။

(ဃ) မြို့ပြလေကြောင်းလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုအန္တရာယ်များကို စဉ်ဆက်မပြတ် သုံးသပ်ခြင်းနှင့် လုံခြုံရေးအဖွဲ့အစည်း၊ လေကြောင်းကုမ္ပဏီများ၊ လေဆိပ်အာဏာပိုင်များနှင့် အခြားသက်ဆိုင်သော အဖွဲ့အစည်းများမှ ဖြစ်ပေါ်လာသည့် ခြိမ်းခြောက်မှုအန္တရာယ်များကို ထိရောက်စွာတုံ့ပြန်နိုင်ရေး အတွက် သက်ဆိုင်ရာ လုံခြုံရေးအစီအစဉ်များအပေါ် ပံ့ပိုးကူညီအကောင်အထည်ဖော် ဆောင်ရွက် စေခြင်း။

(င) လုံခြုံရေးအဖွဲ့အစည်း၊ လေကြောင်းကုမ္ပဏီများ၊ လေဆိပ်အာဏာပိုင်များနှင့် အခြားသက်ဆိုင်သော အဖွဲ့အစည်းများ၏ လုံခြုံရေးအဆင့်အတန်းနှင့် လုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကွင်းဆင်းစစ်ဆေးခြင်း၊ ဆန်းစစ်ခြင်းနှင့် စမ်းသပ်စစ်ဆေးခြင်းများကို ဆောင်ရွက်ပြီး တွေ့ရှိသော ချို့ယွင်းချက်နှင့်အားနည်းချက်များကို ပြုပြင်စေရန် ကြီးကြပ်ဆောင်ရွက်ခြင်း။

(စ) လေကြောင်းလုံခြုံရေးနှင့်သက်ဆိုင်သော ခြိမ်းခြောက်မှုအန္တရာယ်၊ လုံခြုံရေးကျိုးပေါက်မှုဖြစ်စဉ်၊ တားမြစ်ကန့်သတ်ပစ္စည်း ဖော်ထုတ်ရရှိခြင်း၊ သိမ်းဆည်းခြင်းဆိုင်ရာများနှင့်ပတ်သက်သည့် သတင်း များအား စုဆောင်း၊ စိစစ်၊ ဖြန့်ဝေခြင်းနှင့် မြို့ပြလေကြောင်းလုံခြုံရေး အာဏာပိုင်များ၊ လေဆိပ် အာဏာပိုင်များ၊ လုံခြုံရေးအဖွဲ့အစည်း၊ လေကြောင်းကုမ္ပဏီများနှင့် အခြားသက်ဆိုင်သော အဖွဲ့အစည်းများအတွက် သတင်းဖြန့်ချိရေးဆိုင်ရာ၊ ဗဟိုနှင့်နည်းပညာများ ထောက်ပံ့ပေးခြင်း။

(ဆ) နိုင်ငံအချင်းချင်း ဆက်ဆံမှုကောင်းမွန်ရေး၊ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် သတင်းအချက်အလက်ဖလှယ်ရေးများကို ဆောင်ရွက်ခြင်း၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ကုန်သွယ်ဖက်နိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်း အဖွဲ့ချုပ်နှင့် အခြားအပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ခြင်း။

(ဇ) လေဆိပ်အာဏာပိုင်များ၊ လေကြောင်းကုမ္ပဏီများနှင့် ကုန်ပစ္စည်းပို့ဆောင်ပေးသည့် အဖွဲ့အစည်း များက ချမှတ်ဆောင်ရွက်သော လုံခြုံရေးအစီအစဉ်များ ပြည့်စုံမှု၊ အကောင်အထည်ဖော်နိုင်မှုနှင့် လုံခြုံစိတ်ချရမှု အနေအထားကို စိစစ်ခြင်းနှင့် ပြုပြင်ပေးခြင်း။

(ဈ) တိုးတက်ဖြစ်ပေါ်လာသော နည်းပညာလုပ်ငန်းစဉ်များအား ဖြန့်ဝေပေးခြင်းဖြင့် လုံခြုံရေး အဖွဲ့အစည်းများ၊ လေကြောင်းကုမ္ပဏီများ၊ လေဆိပ်အာဏာပိုင်များ၏ လေကြောင်းလုံခြုံရေး ဆိုင်ရာ လုပ်ငန်းစဉ်များအား မြှင့်တင်ဆောင်ရွက်ပေးခြင်း။

(ည) လေကြောင်းလုံခြုံရေးဆိုင်ရာ ဥပဒေမဲ့ ကျူးပေါက်မှုများမှ ကာကွယ်တားဆီးရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်ချက်အရလည်းကောင်း၊ လေကြောင်းအာဏာပိုင်များ၊ လေကြောင်းကုမ္ပဏီ များက အကူအညီတောင်းခံလာခဲ့လျှင်လည်းကောင်း လုံခြုံရေးဆိုင်ရာ အကြံပြုချက်များ ဖြည့်ဆည်း ပေးခြင်း။

(ဋ) လေဆိပ်အသစ်များတည်ဆောက်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်းများဆောင်ရွက်ရာတွင် လေဆိပ် စီမံခန့်ခွဲရေးနှင့် ဆောက်လုပ်ရေးအဖွဲ့အစည်းများအား လေကြောင်းလုံခြုံရေးဆိုင်ရာများနှင့် ပတ်သက်၍ အကြံပြု ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးခြင်း။

(ဌ) အစိုးရ၊ ကျွမ်းကျင်ပညာရှင်များနှင့် လုပ်ငန်းဆိုင်ရာအဖွဲ့အစည်းများ၏ အကြံပြုချက်များအပေါ် ဆက်လက်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း။

(ဍ) သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများနှင့် လေကြောင်းလုံခြုံရေးအာဏာပိုင်တို့အကြား လေကြောင်းလုံခြုံရေးဆိုင်ရာအစည်းအဝေးများ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း။

(ပ) အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးအစီအစဉ်အား ခေတ်ကာလအခြေအနေများနှင့် ကိုက်ညီ ထိရောက်မှုရှိစေရေးအတွက် လိုအပ်ချက်များအား အချိန်နှင့်တစ်ပြေးညီ အဆင့်မြှင့်တင် ဆောင်ရွက်ထားရှိခြင်း။

(ဏ) စုဆောင်း စိစစ်ရရှိထားသော သတင်းများအပေါ် အခြေခံ၍ လေဆိပ်စီမံခန့်ခွဲရေးနှင့်လေဆိပ် လုံခြုံရေးဝန်ထမ်းများအား လုံခြုံရေးဆိုင်ရာစက်ပစ္စည်းများ၊ စနစ်များ၊ လုပ်ငန်းစဉ်များ၊ နည်းလမ်း များနှင့် လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာများကို ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် အကြံပြု ဆောင်ရွက်ပေးခြင်း။

(တ) အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးအစီအစဉ်အား ထိရောက်စွာ အကောင်အထည်ဖော်ဆောင် နိုင်ရေးအတွက် လိုအပ်သော သင်တန်းများပေးခြင်း၊ မှီငြမ်းပြုစာအုပ်စာတမ်းများအား စုဆောင်းခြင်း၊ ပြုစုထုတ်ပြန်ခြင်းနှင့် ဖြန့်ဝေခြင်းများကို ဆောင်ရွက်ခြင်း။

(ထ) လေဆိပ်တစ်ခု၏ လုံခြုံရေးလိုအပ်ချက်အရ ၎င်း၏ဒီဇိုင်းနှင့်အညီ လေဆိပ်လုံခြုံရေး စက်ကိရိယာများ၊ အရည်အသွေးနှင့် စံများမြှင့်တင်မှုဆောင်ရွက်ပေးခြင်းနှင့် အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေး အစီအစဉ်အား ခေတ်ကာလနှင့်လျော်ညီစွာ ထိရောက်မှုရှိစေရေးအတွက် ကျွမ်းကျင်ပညာရှင်များ၊ ပစ္စည်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ခေတ်မီနည်းစနစ်များ၊ လုပ်ဆောင်ရန် နည်းလမ်းများအား ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

(ဒ) လေကြောင်းလုံခြုံရေးဆိုင်ရာ အစီအမံများ၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ အခြားအဖွဲ့ အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၂ ရက် )

### ရေကြောင်းသင်္ဘောနှင့်ဆိပ်ကမ်းဆိုင်ရာ လုံခြုံရေးကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်မှ ပြဋ္ဌာန်းထားသော ပင်လယ်ပြင်တွင် အသက်အန္တရာယ်လုံခြုံရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (International Convention for the Safety of Life at Sea 1974) တွင် ပါဝင်သည့် နိုင်ငံတကာရေကြောင်းဘက်ဆိုင်ရာသင်္ဘောများနှင့် ဆိပ်ကမ်းလုံခြုံရေးကိစ္စရပ်များကို ကြီးကြပ် ဆောင်ရွက်နိုင်ရန်အလို့ငှာ "ရေကြောင်းသင်္ဘောနှင့်ဆိပ်ကမ်းဆိုင်ရာလုံခြုံရေးကြီးကြပ်မှုကော်မတီ" ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | |
|---|---|
| (က) ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဂ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(င) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(စ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဇ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဈ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ည) ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) မှ အဖွဲ့ဝင်
ရွေးချယ်စေလွှတ်သူတစ်ဦး

(ဋ) ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) မှ အဖွဲ့ဝင်
ရွေးချယ်စေလွှတ်သူတစ်ဦး

(ဌ) တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံးမှ အဖွဲ့ဝင်
ရွေးချယ်စေလွှတ်သူတစ်ဦး

(ဍ) ဒုတိယရဲချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဎ) အမှုဆောင်အရာရှိချုပ် အဖွဲ့ဝင်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

(ဏ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

(တ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ အဖွဲ့ဝင်
ကိုယ်စားလှယ်တစ်ဦး

(ထ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(ဒ) သတင်းတပ်ဖွဲ့မှူး တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

၂။ ရေကြောင်းသင်္ဘောနှင့် ဆိပ်ကမ်းဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ရေကြောင်းလုံခြုံမှုအဆင့် (Maritime Security Level) သတ်မှတ်ချက် ထုတ်ပြန်ပေးရန်။

(ခ) လိုအပ်သော နည်းဥပဒေ၊ အက်ဥပဒေများ၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ရန်။

(ဂ) ရေကြောင်းလုံခြုံရေးကိစ္စများအတွက် လိုအပ်သော ဆုံးဖြတ်ချက်များ၊ လုံခြုံရေးဆိုင်ရာစီမံချက်များ ရေးဆွဲလုပ်ဆောင်ရန်။

(ဃ) ရေကြောင်းဘက်ဆိုင်ရာလုံခြုံရေးတွင် ပါဝင်ပတ်သက်မည့် သင်္ဘောများ၊ ဆိပ်ကမ်းများ၏ လုံခြုံရေးဆိုင်ရာ အစီအမံများအား စစ်ဆေးဆောင်ရွက်နိုင်သော "ရေကြောင်းနှင့်ဆိပ်ကမ်းလုံခြုံရေးဆိုင်ရာ အထူးအာဏာပိုင်အဖွဲ့အစည်း" ဖွဲ့စည်းပေးရန်နှင့် ၎င်းကော်မတီ၏ တာဝန်နှင့် ဝတ္တရားကို သီးခြားသတ်မှတ်ပေးရန်။

(င) သက်ဆိုင်ရာဆိပ်ကမ်းအလိုက် လုံခြုံရေးရာကော်မတီငယ်များ ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်ရန်။

(စ) နိုင်ငံတကာရေကြောင်းဘက်ဆိုင်ရာ သင်္ဘောများနှင့် ဆိပ်ကမ်းများလုံခြုံမှု ကိုဒဥပဒေ (International Ship and Port Facility Security Code - ISPS Code) လိုက်နာရန်၊ လိုအပ်သော ဆိပ်ကမ်းတည်နေရာများအား သတ်မှတ်ပြဋ္ဌာန်းပေးရန်။

(ဆ) ရေကြောင်းဘက်ဆိုင်ရာလုံခြုံရေးတွင် ပါဝင်ပတ်သက်နေသည့် ကိစ္စရပ်များဖြစ်သော ကုန်ပစ္စည်းများ ပျောက်ဆုံးခြင်း၊ ခိုးယူခြင်းတို့အား ကာကွယ်မှုဆိုင်ရာကိစ္စများ၊ ကုန်သေတ္တာနှင့် သင်္ဘောများကို အသုံးပြု၍ တရားမဝင် လူမှောင်ခိုတင်သွင်းမှုများနှင့် တရားမဝင်လူများ ဝင်ရောက်လာမှုမှ တားဆီးရေးကိစ္စများ၊ ကုန်ပစ္စည်းများ သင်္ဘောများမှတစ်ဆင့် တရားမဝင်မူးယစ်ဆေးဝါး တင်ပို့မှုများ ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စများ၊ သင်္ဘောများနှင့် သင်္ဘောဝန်ထမ်းများအား ဓားပြတိုက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ခြိမ်းခြောက်သတ်ဖြတ်မှုများ ပြုလုပ်ခြင်းမှ ကာကွယ်တားဆီးရေး ဆိုင်ရာကိစ္စများ၊ ဆိပ်ကမ်းနှင့်သင်္ဘောများအား အကြမ်းဖက်တိုက်ခိုက်ခံရမှုမှ ကာကွယ်တားဆီးရေး၊ သင်္ဘောများ၊ ကုန်ပစ္စည်းများအား လက်နက်သဖွယ်အသုံးပြု၍ ဖောက်ခွဲမှုများ ပြုလုပ်လာနိုင်ခြင်း တို့မှ ကာကွယ်ရေးအတွက် လိုအပ်သောအစီအမံများ ရေးဆွဲတင်ပြခြင်းနှင့် ဖြစ်ပေါ်လာပါ ကလည်း အရေးပေါ်ဆောင်ရွက်မှုအစီအမံ (Contingency Plan) များ ရေးဆွဲခြင်းတို့ကို ဆောင်ရွက်အကောင်အထည်ဖော်ရန်။

(ဇ) နိုင်ငံတကာရေကြောင်းဘက်ဆိုင်ရာသင်္ဘောများနှင့် ဆိပ်ကမ်းများလုံခြုံမှုနှင့်သက်ဆိုင်သည့် ဥပဒေအား လိုက်နာအကောင်အထည်ဖော်မှု ISPS Code - Implementation အခြေအနေကို အမြဲစစ်ဆေး၍ လိုအပ်သောလမ်းညွှန်မှုများ ပြုလုပ်ရန်။

(ဈ) မြန်မာနိုင်ငံအတွင်းရှိဆိပ်ကမ်းများ လုံခြုံရေး၊ မြန်မာနိုင်ငံအလံ လွှင့်ထူထားသောသင်္ဘောများ၏ လုံခြုံရေးနှင့် မြန်မာနိုင်ငံဆိပ်ကမ်းတံတားများအတွင်း ဝင်/ထွက်သွားလာနေသော နိုင်ငံခြား သင်္ဘောများ၏ လုံခြုံရေးနှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်ရန်။

(ည) နိုင်ငံအတွင်းရှိနိုင်ငံခြားသင်္ဘော ဝင်/ထွက်သွားလာနေသော ဆိပ်ကမ်းတံတားများ၏ လုံခြုံရေး ဆိုင်ရာ လုပ်ငန်းကော်မတီများ ဖွဲ့စည်းရေးနှင့် လုံခြုံရေးအရာရှိများ ခန့်ထားမှုကို စိစစ်အတည်ပြု ပေးရန်။

(ဋ) ဖွဲ့စည်းထားသော ဆိပ်ကမ်းတံတားများ၏ လုံခြုံရေးဆိုင်ရာလုပ်ငန်းကော်မတီငယ်များနှင့်လည်း အမြဲတမ်းဆက်သွယ်မှုရှိပြီး လုံခြုံမှုအဆင့်အတန်းမြင့်မားရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဌ) အမျိုးသားရေကြောင်းဘက်ဆိုင်ရာလုံခြုံရေးကော်မတီ၏ အမည်နှင့် ဆက်သွယ်နိုင်သည့် လိပ်စာ အပြည့်အစုံ၊ ရေကြောင်းဘက်ဆိုင်ရာသင်္ဘောနှင့်ဆိပ်ကမ်းများ လုံခြုံရေးဆိုင်ရာလုပ်ငန်း ကော်မတီ၏ အမည်နှင့် ဆက်သွယ်နိုင်သည့် လိပ်စာအပြည့်အစုံ၊ ရေကြောင်းဘက်ဆိုင်ရာသင်္ဘောနှင့် ဆိပ်ကမ်းများ လုံခြုံရေးဆိုင်ရာအထူးအာဏာပိုင်အဖွဲ့အစည်း၏ အမည်နှင့် ဆက်သွယ်နိုင်သည့် လိပ်စာအပြည့်အစုံတို့ကို အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်သို့ အကြောင်းကြားပေးပို့နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရန်နှင့် (၅) နှစ် တစ်ကြိမ် အမည်၊ လိပ်စာ၊ အပြောင်းအလဲ ရှိ/မရှိ စစ်ဆေးပြင်ဆင်ရန်။

(ဍ) သံတော်များမှ ပေးပို့သည့် အရေးပေါ် သတိပေးချက် (Security Alert) ကို လက်ခံနိုင်သည့် နေရာ၊ ဌာနအား သတ်မှတ်ရွေးချယ်ခြင်း၊ ၂၄ နာရီ လက်ခံဆောင်ရွက်နိုင်သည့် အစီအမံများ ချမှတ်ပေးခြင်း၊ တာဝန်ခံများ တာဝန်ချထားပေးခြင်းနှင့် ၎င်းတို့၏အမည်နှင့် ဆက်သွယ်နိုင်သည့် လိပ်စာ၊ တယ်လီဖုန်း၊ ဖက်စ်၊ အီးမေးလ်တို့အား ထုတ်ပြန်ပေးခြင်းများ ဆောင်ရွက်ရန်။

(ပ) မိမိဆိပ်ကမ်းအတွင်း ဝင်ရောက်လာသော နိုင်ငံခြားသင်္ဘောများတွင် တက်ရောက်၍ တာဝန် ထမ်းဆောင်ရသော ဝန်ထမ်းများ၊ အဖွဲ့အစည်းများ၊ စစ်ဆေးရေးအဖွဲ့များအား စိစစ်၍ တရားဝင် တက်ရောက်နိုင်မည့် အထောက်အထား သက်သေခံကတ် (Identification Card) များ သီးသန့် ထုတ်ပေးခြင်း ဆောင်ရွက်ရန် (ဥပမာ - အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေးဝန်ထမ်း၊ စစ်ဆေးရေး အရာရှိ၊ ရေကြောင်းပြအရာရှိများအား လုံခြုံရေးစိစစ်ရေးကတ် ထုတ်ပေးခြင်း)။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၄ ရက် )

### ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျောင်းသုံးစာအုပ် ရိုက်နှိပ် ဖြန့်ချိရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် **ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီ**ကို အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
ပြန်ကြားရေးဝန်ကြီးဌာန

(ခ) အမြဲတမ်းအတွင်းဝန် ဒုတိယဥက္ကဋ္ဌ
ပြန်ကြားရေးဝန်ကြီးဌာန

(ဂ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(င) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(စ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

၂။ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ၏ အဓိကလုပ်ငန်းတာဝန်များမှာ နှစ်စဉ် မေလ တတိယပတ် သို့မဟုတ် ဇွန်လ ပထမပတ်တို့တွင် ကော်မတီအစည်းအဝေးကျင်းပပြီး ယခင်နှစ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သုံးသပ်ခြင်း၊

(ခ) ကျောင်းသားများလက်ဝယ် ကျောင်းသုံးစာအုပ်ဖြန့်ဝေနိုင်မှု အသင့်ပြင်ဆင်ထားရှိမှုများ တင်ပြခြင်း၊

(ဂ) နောင်ပညာသင်နှစ်အတွက် ဇွန်လမှ စတင်ပုံနှိပ်နိုင်ရေး ဆွေးနွေးခြင်း၊ အမှာစာကြိုတင်ပေးပို့ခြင်း၊

(ဃ) လျှပ်စစ်မီး၊ ပို့ဆောင်ရေးကိစ္စရပ်များနှင့် အခြေအနေအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခြင်းများ ဆောင်ရွက်ခြင်း၊

(င) ကျောင်းသုံးအမှာစာအား ဇွန်လ ပထမပတ်တွင် မူလတန်း၊ အလယ်တန်း ကြိုတင်အမှာစာနှင့် စက်တင်ဘာ တတိယပတ်တွင် အထက်တန်းနှင့် နောက်ဆုံးအမှာစာပေးပို့နိုင်ရေး ဆောင်ရွက်ခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၄ ရက် )

## စက်ပစ္စည်းကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများရှိ မော်တော်ယာဉ်၊ မီးရထား၊ ရေယာဉ်နှင့်လေယာဉ် အပါအဝင် စက်ပစ္စည်းများ၏စာရင်းကို စုစည်း၍ စက်ပစ္စည်းအင်အားကို အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် မူဝါဒနှင့် လမ်းညွှန်မှုများ ချမှတ်နိုင်ရန် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော စက်ပစ္စည်းကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
စက်မှုဝန်ကြီးဌာန

(ခ) ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ် — အဖွဲ့ဝင်
ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(ဂ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့သင်္ဘောကျင်းလုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(င) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဋ) ဒုတိယစစ်ထောက်ချုပ် — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)
ကာကွယ်ရေးဝန်ကြီးဌာန

(ဌ) အင်ဂျင်နီယာချုပ် (စက်မှု) — အဖွဲ့ဝင်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဍ) အင်ဂျင်နီယာချုပ် (စက်မှု) — အဖွဲ့ဝင်
လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုအစိုးရအဖွဲ့သည် စက်ပစ္စည်းကြီးကြပ်မှုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးရှိ စက်ပစ္စည်းများကို စာရင်းကောက်ယူ၍ စနစ်တကျစာရင်းအင်းများ ရေးဆွဲခြင်း၊

(ခ) ယာဉ်နှင့်ယန္တရား အပါအဝင် စက်ပစ္စည်းများကို စနစ်တကျအသုံးချမှုနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် လိုအပ်သောညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(ဂ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးမှ အသုံးမလို ပိုလျှံသော စက်ပစ္စည်း (သို့မဟုတ်) လက်ငင်းသုံးစွဲခြင်းမပြုသော စက်ပစ္စည်းများကို အသုံးလိုသည့် ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ ထုတ်ပေးခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဃ) ပုဂ္ဂလိကအသင်း၊ အဖွဲ့အစည်းများသို့ စက်ပစ္စည်းများ ထုတ်ပေးငှားရမ်းခြင်းအတွက် သင့်လျော်သော ငှားရမ်းခနှုန်းထား သတ်မှတ်ပေးခြင်း၊

(င) အလုံအလောက်မရှိသော စက်ပစ္စည်းများ ခွဲဝေသုံးစွဲရာတွင် လုပ်ငန်းပမာဏအလိုက် အရေးကြီးခြင်း၊ အလျင်လိုခြင်းကို ထည့်သွင်းစဉ်းစား၍ ဦးစားပေးအစီအစဉ် ချမှတ်ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီး၌ ထိန်းသိမ်းထားသော စက်ပစ္စည်းများပြင်ဆင်မှု စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ လိုအပ်သော ညွှန်ကြားမှုများ ထုတ်ပြန်ခြင်း၊

(ဆ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးမှ ရုံးသုံးပရိဘောဂ အပါအဝင် စက်ပစ္စည်းဝယ်ယူခြင်း၊ ရယူခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သော ထောက်ခံချက်၊ လမ်းညွှန်မှုများနှင့် အကြံဉာဏ်များပေးခြင်း၊

(ဇ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးမှ စက်ပစ္စည်းများကို လိုအပ်ပါက အခြားပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ လွှဲပြောင်းပေးခြင်း၊

(ဈ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးက စက်ပစ္စည်းများကို ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ဝယ်ယူရာတွင် စက်ပစ္စည်းအမျိုးအစား၊ စံချိန်စံညွှန်းနှင့် ညီညွတ်စေရန် ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ အကြံဉာဏ်ပေးခြင်းနှင့် လိုအပ်ပါက ဝယ်ယူပေးခြင်း၊

(ည) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီး၏ ကုန်သွယ်မှုလုပ်ငန်းအတွက် ဝယ်ယူမည့် စက်ပစ္စည်းများနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(ဋ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးရှိ စက်ပစ္စည်းများကို စစ်ဆေး၍ တန်ဖိုးသတ်မှတ်ပေးခြင်း၊

(ဌ) စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် ယင်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ လုပ်ငန်းအလျောက် လိုအပ်ပါက ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များကို ဖိတ်ကြား၍ ဆွေးနွေးခြင်း၊ အကြံဉာဏ်ရယူခြင်း။

၄။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် မိမိလုပ်ငန်းတာဝန်ကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ကော်မတီအစည်းအဝေးများကို လိုအပ်သလို ကျင်းပနိုင်သည်။

၅။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ ရုံးလုပ်ငန်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

(၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

**နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ (မူကြမ်း)**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်　 ။)**

၁၃၇၈ ခုနှစ်၊　　　 လ　 ရက်

(၂၀၁၆ ခုနှစ်၊　　　 လ　 ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။　ဤဥပဒေကို **နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။　နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၃။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

(၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

**အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ (မူကြမ်း)

## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ အရေးပေါ်စီမံမှုအက်ဥပဒေ (၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၁၇။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၆)

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

(၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

### ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉** ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၉။ ကော်မရှင်သည် လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ပါက ကြားဖြတ်ရွေးကောက်ပွဲများကို -

(က) လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်အတွင်းနှင့် ပဉ္စမနှစ်အတွင်းတို့တွင် ကျင်းပပေးခြင်း မပြုရ။

(ခ) လွှတ်တော်ပုံမှန်သက်တမ်း၏ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်တို့တွင်သာ ကျင်းပပေးရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်အခါ ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ ကျင်းပပေးရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

(၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

**အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉** ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၉။ ကော်မရှင်သည် လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ပါက ကြားဖြတ်ရွေးကောက်ပွဲများကို -

(က) လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်အတွင်းနှင့် ပဉ္စမနှစ်အတွင်းတို့တွင် ကျင်းပပေးခြင်း မပြုရ။

(ခ) လွှတ်တော်ပုံမှန်သက်တမ်း၏ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်တို့တွင်သာ ကျင်းပပေးရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်အခါ ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ ကျင်းပပေးရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

(၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့လာသော **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုလွှတ်တော်ရုံး။

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)**

၁၃၇၈ ခုနှစ်၊    လ    ရက်

(၂၀၁၆ ခုနှစ်၊    လ    ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉** ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၉။ ကော်မရှင်သည် လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ပါက ကြားဖြတ်ရွေးကောက်ပွဲများကို -

(က) လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်အတွင်းနှင့် ပဉ္စမနှစ်အတွင်းတို့တွင် ကျင်းပပေးခြင်း မပြုရ။

(ခ) လွှတ်တော်ပုံမှန်သက်တမ်း၏ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်တို့တွင်သာ ကျင်းပပေးရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်အခါ ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ ကျင်းပပေးရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၆)

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

(၂၀၁၆ ခုနှစ်၊ မေလ ၃ ရက်)

**ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ အထက်ပါကော်မရှင် အဖွဲ့ဝင်များအနက်မှ ဦးအောင်မြင့်ထွန်း၊ တွဲဖက်ပြည်နယ်ဥပဒေအရာရှိ (ငြိမ်း) ရှမ်းပြည်နယ်သည် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်တွင် နေပြည်တော်ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန် ပေးအပ်ခြင်းခံရပါသဖြင့် အမိန့်ထုတ်ပြန်သည့်ရက်မှစ၍ ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ ၎င်း၏ဆန္ဒအလျောက် နုတ်ထွက်ခွင့် ပြုလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

(၂၀၁၆ ခုနှစ်၊ မေလ ၃ ရက်)

**၂၀၁၆ ခုနှစ်၊ လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီဖွဲ့စည်းခြင်း**

အမှတ် ၁ ။ ။ ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၆ ခုနှစ်အတွင်း ကျင်းပပြုလုပ်မည့် လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာ ဆက်လက်ကျင်းပနိုင်ရေးအတွက် **"၂၀၁၆ ခုနှစ်၊ လွှတ်တော် အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | နာယက<br>ပြည်ထောင်စုလွှတ်တော် | နာယက |
| (ခ) | ဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော် | နာယက |
| (ဂ) | ဒုတိယနာယက<br>ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (ဃ) | ဒုတိယဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော် | ဒုတိယဥက္ကဋ္ဌ |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဈ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ည) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဋ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဌ) ဥက္ကဋ္ဌ အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(ဍ) အတွင်းရေးမှူး အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(ဎ) ဗိုလ်မှူးချုပ်မောင်မောင် အဖွဲ့ဝင်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(ဏ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပြည်ထောင်စုလွှတ်တော်ရုံး

(တ) ခေတ္တညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၁)
ပြည်သူ့လွှတ်တော်ရုံး

(ထ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၂)
အမျိုးသားလွှတ်တော်ရုံး

အမှတ် ၂ ။ ။ ဗဟိုကော်မတီသည် လိုအပ်သည့် လုပ်ငန်းဆိုင်ရာကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ရန် ဖြစ်ပါသည်။

အမှတ် ၃ ။ ။ ဗဟိုကော်မတီသည် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အတွင်း ကျင်းပသောလွှတ်တော်အစည်းအဝေးများ အားလုံးပြီးစီး၍ ဗဟိုကော်မတီအသစ် ထပ်မံဖွဲ့စည်းပြီးသည့်အချိန်အထိ အကျုံးဝင်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၆)

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၃ ရက်)

**ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ပြောင်းလဲအစားထိုးဖွဲ့စည်းခြင်း**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့၌ ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်အား

ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လစ်လပ်သွားသော အတွင်းရေးမှူးနေရာတွင် ဦးတင်ထွန်းနိုင်၊ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်အားလည်းကောင်း ပြောင်းလဲအစားထိုး ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၆)

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၃ ရက်)

### ကော်မတီအဖွဲ့ဝင်များ အစားထိုးဖွဲ့စည်းခြင်း

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့၌ လစ်လပ်နေသော ကော်မတီအဖွဲ့ဝင်များနေရာတွင် အောက်ပါကိုယ်စားလှယ်များဖြင့် အစားထိုးဖွဲ့စည်းလိုက်သည် -

| **စဉ်** | **အမည်/မဲဆန္ဒနယ်** | **ကော်မတီ** | **ရာထူး** |
|---|---|---|---|
| (က) | ဒေါ်မာမာခိုင်<br>သထုံမဲဆန္ဒနယ် | ဥပဒေကြမ်းကော်မတီ | အဖွဲ့ဝင် |
| (ခ) | ဒေါက်တာဒေါ်ရွှေပုံ<br>ပဲခူးမဲဆန္ဒနယ် | နိုင်ငံတကာဆက်ဆံရေးကော်မတီ | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာဦးစောနိုင်<br>တောင်ဥက္ကလာပမဲဆန္ဒနယ် | လွှတ်တော်အခွင့်အရေးကော်မတီ | အဖွဲ့ဝင် |

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၃ ရက်)

### ကော်မတီအဖွဲ့ဝင် ပြောင်းလဲထည့်သွင်းဖွဲ့စည်းခြင်း

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့၌ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအဖွဲ့ဝင် ဦးစိုးဌေး၊ ကော့ကရိတ်မဲဆန္ဒနယ် **အစား** ဦးစောဗစ်တာခလိုက်၊ သံတောင်ကြီးမဲဆန္ဒနယ်အား ပြောင်းလဲထည့်သွင်း ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၆**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်)

**လုပ်ပိုင်ခွင့်အပ်နှင်းခြင်း**

၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ဇယား (၁/၂) တို့အရ အမျိုးသားလွှတ်တော်၏ ရငွေ သုံးငွေများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အား လွှဲအပ်ဆောင်ရွက်စေလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၁၆ ခုနှစ်၊ မေလ ၂ ရက်)

**ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ) က အမျိုးသားလွှတ်တော်သို့ တင်သွင်းသော **"ပြည်သူ့ကောင်စီဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်း"** ကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

## ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ (မူကြမ်း)

## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ။)

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့ကောင်စီဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၈။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၃ ရက် )

**နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ) က တင်သွင်းသော **"နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း"** ကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

**နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၈ ခုနှစ်၊ လ ရက်

( ၂၀၁၆ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ကောင်စီဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၀။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၅ ရက် )

**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ) က တင်သွင်းသော **"ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်း"** ကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

# ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ (မူကြမ်း)

## ( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၈ ခုနှစ်၊ လ ရက်

( ၂၀၁၆ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံသား**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူတို့ကို ဆိုသည်။

(ခ) **ငြိမ်းချမ်းစွာစုဝေးခြင်း**ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ခွင့်ပြုသည့် အများပြည်သူဆိုင်ရာ နေရာတွင် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ တစ်ဦးထက်ပိုသူများက သတ်မှတ် စည်းကမ်းများနှင့်အညီ လက်နက်မပါဘဲ ငြိမ်းချမ်းစွာရောက်ရှိခြင်း၊ ဟောပြောခြင်းကို ဆိုသည်။

(ဂ) **ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း**ဆိုသည်မှာ သတ်မှတ်ခွင့်ပြုသည့် အများပြည်သူဆိုင်ရာ လမ်းတွင် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ တစ်ဦးထက်ပိုသူများက သတ်မှတ်သည့် စည်းကမ်းများနှင့်အညီ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စနစ်တကျလှည့်လည်ခြင်းကို ဆိုသည်။

(ဃ) **အသိပေးတင်ပြချက်**ဆိုသည်မှာ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ပြုရန် ဤဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာသို့ အကြောင်းကြားခြင်းကို ဆိုသည်။

(င) **ပိုစတာ**ဆိုသည်မှာ လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာမှုမဖြစ်စေသော မိမိဆန္ဒ သဘောထားနှင့် လိုလားချက်တို့ကို စာဖြင့်ရေးသား၍ဖြစ်စေ၊ ဆိုင်းဘုတ်၊ ရုပ်ပုံ၊ ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်း သို့မဟုတ် ရုပ်တုဖြင့်ဖြစ်စေ၊ ရုပ်မြင်သံကြားထုတ်လွှင့်သည့် နည်းလမ်းဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ဖော်ပြပြီး လက်တွင် ကိုင်ဆောင်နိုင်ရန်၊ မြေတွင် စိုက်ထူနိုင်ရန်၊ အရာဝတ္ထုတစ်ခုခုတွင် ကပ်ထားနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြနိုင်ရန် စီမံပြုလုပ် ထားသည့် အရာကို ဆိုသည်။

(စ) **ဆိုင်းဘုတ်**ဆိုသည်မှာ ပါတီ သို့မဟုတ် အသင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ အမည်၊ အထိမ်းအမှတ်တံဆိပ်တို့ကို ရေးသားဖော်ပြချက်များ အပါအဝင် လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာမှုမဖြစ်သော မိမိဆန္ဒသဘောထားနှင့် လိုလားချက်တို့ကို စာဖြင့်ရေးသား၍ လက်တွင် ကိုင်ဆောင်နိုင်ရန်၊ မြေတွင် စိုက်ထူနိုင်ရန်၊ တစ်နေရာရာ၌ ချိတ်ဆွဲနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသောအရာကို ဆိုသည်။

(ဆ) **လက်နက်**ဆိုရာတွင် လက်နက်အက်ဥပဒေများနှင့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် လက်နက်၊ ကိရိယာတန်ဆာပလာများအပြင် သူတစ်ဦး တစ်ယောက်အား ဘေးအန္တရာယ်တစ်စုံတစ်ရာဖြစ်စေနိုင်သော ပစ္စည်းလည်း ပါဝင်သည်။

(ဇ) **အလံ**ဆိုရာတွင် နိုင်ငံတော်အလံ၊ တရားဝင်ပါတီနှင့် တရားဝင်အသင်းအဖွဲ့အလံတို့ ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေး ဖြစ်သည့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို သုံးစွဲဆောင်ရွက်ခွင့် ရရှိစေရန်နှင့် ယင်းတို့အား ဥပဒေအရ အကာအကွယ်ပေးရန်၊

(ဂ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်သူ များကြောင့် အများပြည်သူအား အနှောင့်အယှက်ဖြစ်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက် နစ်နာစေခြင်းနှင့် အဟန့်အတားဖြစ်စေခြင်းတို့မှ ကာကွယ်ရန်။

## အခန်း (၃)
## အသိပေးတင်ပြခြင်း

၄။ မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသော နိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများသည် အောက်ပါ အချက်များ ပါရှိသော အသိပေးတင်ပြခြင်းကို သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးထံ ယင်းသို့ ဆောင်ရွက်မည့်နေ့ မတိုင်မီ အနည်းဆုံး ၄၈ နာရီ ကြိုတင်၍ တင်ပြရမည်။ ဖြတ်သန်းမည့်မြို့နယ်များရှိပါက သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးများထံ ၄၈ နာရီ ကြိုတင်၍ မိတ္တူပေးပို့ရမည် -

(က) ငြိမ်းချမ်းစွာစုဝေးခြင်း ပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ နေရာ၊ နေ့ရက်၊ အချိန်အပိုင်းအခြား၊ ငြိမ်းချမ်းစွာစုဝေးခြင်းပြုရာတွင် ဟောပြောလိုသည့် အကြောင်းအရာနှင့် ကြွေးကြော်လိုသည့် ကြွေးကြော်သံများ၊

(ခ) ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ လမ်းကြောင်း၊ နေ့ရက်၊ ဖြတ်သန်း လိုသည့် မြို့နယ်များ၊ အချိန်အပိုင်းအခြားနှင့် ကြွေးကြော်လိုသည့် ကြွေးကြော်သံများ၊

(ဂ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့အတွက် လျှောက်ထားသူ၊ ဦးဆောင်မည့်ပုဂ္ဂိုလ်နှင့် ဟောပြောမည့်ပုဂ္ဂိုလ်တို့၏ အမည်နှင့် ဆက်သွယ်ရမည့် လိပ်စာ အပြည့်အစုံ၊

(ဃ) ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုလုပ်မည့် အစီအစဉ်နှင့် ခန့်မှန်းလူဦးရေ၊

(င) ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းနှင့်စပ်လျဉ်း၍ အဖွဲ့အစည်း တစ်ရပ်အနေဖြင့် ဆောင်ရွက်ပါက ယင်းအဖွဲ့အစည်း၏ ဆုံးဖြတ်ချက်မှတ်တမ်း သို့မဟုတ် အထောက်အထား၊

(စ) ဤဥပဒေပါ စည်းကမ်းချက်များနှင့် ဒေသဆိုင်ရာလိုအပ်ချက်အရ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံချက်။

## အခန်း (၄)
## အသိပေးတင်ပြချက်ကို လက်ခံဆောင်ရွက်ခြင်း

၅။ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးသည် နိုင်ငံသားတစ်ဦးကဖြစ်စေ၊ နိုင်ငံသားအများကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ တင်ပြလာသော အသိပေးတင်ပြချက်ကို

လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးထံသို့ ဆောလျင်စွာ တင်ပြရမည်။

၆။ ပုဒ်မ ၄ အရ အသိပေးတင်ပြခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူးသည် သက်ဆိုင်ရာ ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း ဆောလျင်စွာ တင်ပြရမည်။

## အခန်း (၅)
## စည်းကမ်းသတ်မှတ်ချက်များ

၇။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးတင်ပြချက်တွင် ဖော်ပြထားသည့်နေရာတွင်သာ ငြိမ်းချမ်းစွာစုဝေးခြင်း ပြုရမည်။

၈။ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ရာတွင် အများပြည်သူအား အနှောင့်အယှက်မဖြစ်စေရေးအတွက် အသိပေးတင်ပြချက်တွင် ဖော်ပြထားသည့် လမ်းကြောင်းအစနေရာတွင် စတင်စုဝေးပြီး တင်ပြထားသည့် လမ်းကြောင်းအတိုင်းသာ ငြိမ်းချမ်းစွာစီတန်းလှည့်လည် ဆောင်ရွက်ခွင့်ရှိသည်။

၉။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုသူများသည် အောက်ပါစည်းကမ်းများကို လိုက်နာရမည် -

(က) အများပြည်သူကို အနှောင့်အယှက် အဟန့်အတားဖြစ်စေခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် ထိခိုက်နစ်နာစေခြင်း ဖြစ်နိုင်သည့် အပြောအဆို သို့မဟုတ် အပြုအမူကို မလုပ်ရ၊

(ခ) ခွင့်ပြုထားသော စုဝေးသည့်နေရာ သို့မဟုတ် စီတန်းလှည့်လည်သည့် လမ်းကြောင်းတစ်လျှောက်ရှိ ပြည်သူပိုင်ပစ္စည်း၊ အများပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင်ပစ္စည်းများကို ထိခိုက်ပျက်စီးစေမည့် အပြုအမူ၊ ပတ်ဝန်းကျင်ညစ်ညမ်းစေမည့် အပြုအမူများ မပြုလုပ်ရ။

(ဂ) ယာဉ်များနှင့် လမ်းသွားလမ်းလာများ၊ ပြည်သူများကို အနှောင့်အယှက်ဖြစ်စေသော တားဆီးပိတ်ဆို့ခြင်းကို မပြုလုပ်ရ၊

(ဃ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ပြုရာတွင် မည်သည့်လက်နက်တစ်မျိုးမျိုးကိုမျှ ကိုင်ဆောင်ခြင်းမပြုရ၊

(င) နိုင်ငံတော်နှင့် ပြည်ထောင်စုကိုဖြစ်စေ၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကိုဖြစ်စေ၊ လူ့ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားကိုဖြစ်စေ ထိခိုက်စေမည့် အပြောအဆိုနှင့် အပြုအမူများကို မပြုလုပ်ရ၊

(စ) မမှန်ကန်သော သတင်းများကိုဖြစ်စေ၊ မမှန်ကန်သော အချက်အလက်များကိုဖြစ်စေ ဟောပြောခြင်း မပြုလုပ်ရ၊

(ဆ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ပြုရာတွင် အသိပေးတင်ပြထားသည့် အလံ၊ ပိုစတာနှင့် ဆိုင်းဘုတ်များမှအပ အခြားအလံ၊ ပိုစတာနှင့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ခြင်း၊ ပြသခြင်း မပြုလုပ်ရ၊

(ဇ) ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုရာတွင် လက်ကိုင်အသံချဲ့စက်မှအပ အသံချဲ့စက်အသုံးပြုခြင်း၊ ခွင့်ပြုထားသော ကြွေးကြော်သံများမှအပ ကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်း မပြုလုပ်ရ။

၁၀။ ဤဥပဒေပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိ၍ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက တားမြစ်ပါက ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကို ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ လူစုခွဲရမည်။

## အခန်း (၆)
## အရေးယူဆောင်ရွက်ခြင်း

၁၁။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နေသူတို့အား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ဟန့်တားခြင်းမပြုနိုင်စေရန်လည်းကောင်း၊ ဘေးအန္တရာယ်မဖြစ်စေရန်လည်းကောင်း ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးက လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ရမည်။

၁၂။ ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးသည် -

(က) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို ပြုလုပ်သည့်နေရာတွင် ဤဥပဒေပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ ထိုသို့ လိုက်နာခြင်းမရှိကြောင်း တိုင်ကြားချက်ကို လက်ခံရရှိလျှင်ဖြစ်စေ ဦးဆောင်သည့် ပုဂ္ဂိုလ်အား သတိပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ သတိပေးသည်ကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ချက်ချင်းတင်ပြရမည်။

၁၃။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို ရရှိလျှင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးထံ ချက်ချင်းတင်ပြ၍ ခွင့်ပြုချက်ရယူပြီး ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကို တားမြစ်နိုင်သည်။

၁၄။ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက တားမြစ်ပြီးနောက် ဆက်လက်စည်းကမ်းဖောက်ဖျက်ခြင်းများ၊ လူစုမခွဲဘဲ စုဝေးစီတန်းလှည့်လည်ခြင်းများ ရှိနေပါက မြို့နယ်ရဲတပ်ဖွဲ့မှူးသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုကွဲသည်အထိ ဆက်လက်အရေးယူဆောင်ရွက်ရမည်။

၁၅။ ဤဥပဒေနှင့်အညီ အသိပေးတင်ပြခြင်းမရှိဘဲ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းပြုသည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို စုဝေးခြင်း သို့မဟုတ် စီတန်းလှည့်လည်ခြင်းပြုသည့်နေရာတွင် သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးသည် ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်အတိုင်း ဆောလျင်စွာ အရေးယူဆောင်ရွက်ရမည်။

## အခန်း (၇)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၆။ မည်သူမဆို ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုသူများအား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ စိတ်ပြိုငြင်စေခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၇။ မည်သူမဆို ဤဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာသို့ အသိပေးတင်ပြခြင်းမရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထပ်မံကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၈။ မည်သူမဆို ပုဒ်မ ၇၊ ပုဒ်မ ၈၊ ပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၈)

## အထွေထွေ

၁၉။ ဤဥပဒေအရ အရေးယူသောပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုအဖြစ် သတ်မှတ်သည်။

၂၀။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို သက်ဆိုင်ရာ တရားရုံးသို့ ၁၅ ရက်အတွင်း တရားစွဲဆိုတင်ပို့ရမည်။

၂၁။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဆက်စပ်မြို့နယ်များ ပါဝင်နေပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းဖြစ်လျှင် ပြစ်မှုကို စတင်ဖောက်ဖျက်ကျူးလွန်သည့် မြို့နယ်တရားရုံး ကသာ စီရင်ပိုင်ခွင့်ရှိသည်။

၂၂။ နိုင်ငံသားတစ်ဦးချင်းအနေဖြင့် မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်နိုင်ရန်အတွက် ငြိမ်းချမ်းစွာလှည့်လည်ခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခြင်း စသည့် အခွင့်အရေး များကို သုံးစွဲဆောင်ရွက်ရာ၌ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၃။ အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် စီတန်းလှည့်လည်ခြင်း မပြုလုပ်လိုပါက ၂၄ နာရီအတွင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ပြန်လည်အသိပေးတင်ပြရမည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီး ဌာနသည် -

(က) နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၅။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ (၂၀၁၁ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၁၅။) နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၆။) တို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်)

အမှတ် ၁၅ ။ ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဦးကျော်ဆန်းက ယင်း၏ ကိုယ်ရေးအရာရှိအဖြစ် ခန့်ထားရန် အဆိုပြုပေးပို့လာသည့် ဦးထိန်လင်းဦး [၁၂/အစန (နိုင်) ၁၉၅၂၈၁]အား ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူး၌ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၇၀,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

မျိုးညွန့်

ဥက္ကဋ္ဌ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

အမှတ် ၁၆ ။ ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဒေါ်လှမျိုးနွယ်က ယင်း၏ ကိုယ်ရေးအရာရှိအဖြစ် ခန့်ထားရန် အဆိုပြုပေးပို့လာသည့် ဒေါ်မြတ်မြတ်စိုး [၉/မနမ (နိုင်) ၁၀၈၈၁၆] အား ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူး၌ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၇၀,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

မျိုးညွန့်
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၆)

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၅ ရက် )

### နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသည် ခုံရုံးလုပ်ငန်းတာဝန်များ၊ ဝန်ထမ်းရေးရာကိစ္စများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ခုံရုံးနှင့်သက်ဆိုင်သော လုပ်ငန်းများ၊ ဝန်ထမ်းရေးရာကိစ္စများတွင် စွမ်းဆောင်ရည်မြင့်တင်ပေးရန်အတွက်လည်းကောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး စီမံခန့်ခွဲရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးမျိုးညွန့်<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ဥက္ကဋ္ဌ |
| (ခ) | ဦးညီညီ<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| (ဂ) | ဦးမြင့်ဝင်း<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| (ဃ) | ဦးမျိုးမြင့်<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| (င) | ဦးခင်မောင်ချို<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| (စ) | ဒေါ်ခင်ဌေးကြွယ်<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| (ဆ) | ဦးတွာလ်ကျင်ပေါင်<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| (ဇ) | ဒေါ်လှမျိုးနွယ်<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |

(ဈ) ဦးကျော်ဆန်း — အဖွဲ့ဝင်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(ဋ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(ဌ) ရုံးအဖွဲ့မှူး — အတွင်းရေးမှူး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး စီမံခန့်ခွဲရေးကော်မတီသည် အောက်တွင်ဖော်ပြထားသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရမည်ဖြစ်သည် -

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ၊ နည်းဥပဒေနှင့် အခြားတည်ဆဲဥပဒေများက ပေးအပ်ထားသောတာဝန်များကို ထိရောက်အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် ကြိုတင်စီစဉ်မှု၊ လေ့လာမှု၊ ဆွေးနွေးမှုများကို အပတ်စဉ် ပြုလုပ်ကြရမည်။

(ခ) ခုံရုံး၏ အမှုစစ်ဆေးကြားနာဆုံးဖြတ်ခြင်းဆိုင်ရာ ရုံးလုပ်ငန်းများတွင် စည်းစနစ်ကျစေရန် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေရန် ဝန်ထမ်းများအား စာတွေ့လက်တွေ့သင်ကြားပေးရမည်။

(ဂ) အမှုစိစစ်ခြင်း၊ ကြားနာခြင်း၊ ဆုံးဖြတ်ခြင်းလုပ်ငန်းများအတွက်လည်းကောင်း၊ အခြားရုံးလုပ်ငန်းများအတွက်လည်းကောင်း အထောက်အကူပြုမည့် စာအုပ်စာတမ်းများ၊ မှတ်တမ်းများ၊ သတင်းအချက်အလက်များကို စနစ်တကျ စုဆောင်းထိန်းသိမ်းထားရှိရမည်။

(ဃ) အရာထမ်း၊ အမှုထမ်းများ စည်းကမ်းနှင့်အညီ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ကြီးကြပ်ခြင်း၊ စိစစ်ခြင်း၊ လမ်းညွှန်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြရမည်။

(င) အရာထမ်း၊ အမှုထမ်းများ ရာထူးတိုးခြင်း၊ စိစစ်အရေးယူခြင်း၊ အပြစ်ပေးခြင်းနှင့် ဆုပေး၊ ဒဏ်ပေးခြင်းကိစ္စများကို တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရမည်။

(စ) အရာထမ်း၊ အမှုထမ်းများ အရည်အသွေးတိုးမြှင့်ရေးအတွက် လေ့ကျင့်ရေးနှင့် သုတေသနလုပ်ငန်းများကို အစီအစဉ်များချမှတ်ပြီး စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည်။ ပြည်တွင်း၊ ပြည်ပအဆင့်မြင့်သင်တန်းများစေလွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်ရမည်။ အင်္ဂလိပ်စာကျွမ်းကျင်မှုအရည်အသွေး မြှင့်တင်ရေးအတွက် နည်းလမ်းများရှာကြံပြီး စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်။

(ဆ) အရာထမ်း၊ အမှုထမ်းများ အေးချမ်းသာယာစွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် နည်းလမ်းများရှာကြံပြီး စီစဉ်ဆောင်ရွက်ပေးရမည်။

၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး စီမံခန့်ခွဲရေးကော်မတီသည် ဖော်ပြပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အဖွဲ့လိုက် စုစည်း၍လည်းကောင်း၊ ကျွမ်းကျင်ရာအလိုက် လုပ်ငန်းကဏ္ဍပိုင်းခြား၍လည်းကောင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

၄။ စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်အသီးသီးသည် ဖော်ပြပါလုပ်ငန်းများ အောင်မြင်ရန်အတွက် မိမိတို့ကျွမ်းကျင်ရာကဏ္ဍများတွင် ဦးဆောင်ပါဝင်ကြရမည်ဖြစ်သည်။ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် အဖွဲ့ငယ်များဖွဲ့၍လည်းကောင်း၊ သင့်လျော်ရာတစ်ဦးချင်းကို တာဝန်ပေး၍လည်းကောင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ကော်မတီတစ်ရပ်လုံးသို့ တင်ပြရန်လိုအပ်သော အကြောင်းကိစ္စများကို ဥက္ကဋ္ဌထံ ကြိုတင်တင်ပြရမည်။

မျိုးညွန့်
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| | | | |
|---|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်<br>( ၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက် ) | **သောကြာနေ့** |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
### အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၆

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၄ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဦးသန်းမျိုးအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) အား သတ္တုတွင်းဝန်ကြီးဌာနသို့ **၂၀၁၆ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ နံနက်ပိုင်း**မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

ဇော်သန်းသင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

### အမျိုးသားလွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်
( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

အမျိုးသားလွှတ်တော်ရုံး၊ ဥပဒေပြုဌာနကြီးမှ ညွှန်ကြားရေးမှူး ဦးကိုကိုမောင်အား ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ကိုယ်ရေးအရာရှိအဖြစ် တွဲဖက်တာဝန်ချထားလိုက်သည်။

(ပုံ) ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက် )

အမှတ် ၃၈/၂၀၁၆ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်များအား ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၅၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏

အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | သိန်းနိုင် | ကြည်း ၇၀၂၈၉ | (၂၃-၃-၂၀၁၆) |
| (၂) | ဂိုရေးဗဟာဒူး | ကြည်း ၇၀၂၉၀ | (၂၄-၃-၂၀၁၆) |

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက် )

အမှတ် ၃၉/၂၀၁၆ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်အား ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၅၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

ရားလ်လျံပြန်း ကြည်း ၇၀၂၉၁

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက် )

အမှတ် ၄၀/၂၀၁၆ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်အား ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၅၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

သန်းငွေး ကြည်း ၇၀၂၉၂

အမိန့်အရ

ဗိုလ်ချုပ်လှုအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

# စစ်ရာထူးခန့်ချုပ်ရုံး
# (ကြည်းတပ်ဌာနစု)

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၄ ရက် )

အမှတ် ၄၂/၂၀၁၆ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်အား ၂၀၁၆ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၆၀) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

ဇော်ဘောက် ကြည်း ၇၀၂၉၃

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလှုအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်<br>( ၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**မြတ်ယမင်းကုမ္ပဏီလီမိတက်**

**(Myat Yamin Company Limited)**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ - ၂၀၆ (၁) အရ
ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **မြတ်ယမင်းကုမ္ပဏီ လီမိတက်** အား (၂၄. ၅. ၂၀၁၆) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်မီမီကျော် [B.Com (Q), C.P.A] အမှတ် - (၄၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၄.၆. ၂၀၁၆) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| ယမင်းထင်အောင် | မီမီကျော် |
| မန်နေးဂျင်းဒါရိုက်တာ | [B.Com (Q), C.P.A] |
| မြတ်ယမင်းကုမ္ပဏီလီမိတက်၏ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | |

## လက်မှု အနုပညာ ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက်
## (ARTS & CRAFTS GEMS & JEWELLERY COMPANY LIMITED)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ မေလ (၂၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **လက်မှု အနုပညာ ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက် (ARTS & CRAFTS GEMS & JEWELLERY COMPANY LIMITED)** အား (၂၆. ၅. ၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ ဇွန်လ (၂၇) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိုင်းအောင်မိန်း
Director
Arts & Crafts Gems & Jewellery Co.,Ltd.

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## လယ်(လ်) နာချား ကုမ္ပဏီ လီမိတက်
## (LE NACHA COMPANY LIMITED)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ မေလ (၂၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **လယ်(လ်)နာ ချား ကုမ္ပဏီ လီမိတက် (LE NACHA COMPANY LIMITED)** အား (၂၆. ၅. ၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ ဇွန်လ (၂၇) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိုင်းအောင်မိန်း
Director
Le Nacha Company Limited

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

**ဗာ့တက်(က်စ်) လိုက်(ထ်)တင်း(င်) (မြန်မာ) ကုမ္ပဏီလီမိတက်**
**[VERTEX LIGHTING (MYANMAR) COMPANY LIMITED]** အား
(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ဗာ့တက်(က်စ်) လိုက်(ထ်)တင်း(င်) (မြန်မာ) ကုမ္ပဏီလီမိတက် [VERTEX LIGHTING (MYANMAR) COMPANY LIMITED]** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဇွန်လ (၂၇) ရက်နေ့ နံနက် (၁၁း၀၀) နာရီအချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-(၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**မန္တလေး မုဒ် ဟိုတယ် ကုမ္ပဏီလီမိတက်**
**(MANDALAY MOAT HOTEL COMPANY LIMITED)** အား
(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**မန္တလေး မုဒ် ဟိုတယ် ကုမ္ပဏီလီမိတက် (MANDALAY MOAT HOTEL COMPANY LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဇွန်လ (၂၇) ရက်နေ့ နံနက် (၁၁း၃၀) နာရီအချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-(၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

NOTICE UNDER SECTION 208 (E) MYANMAR COMPANY ACT

**DELCO HENG YI (DHY) COMPANY LIMITED**

(Members Voluntary Winding -Up)

INVITATION TO FINAL MEETING

A Final meeting of "DELCO HENG YI (DHY) COMPANY LIMITED" will be held on 26th June, 2016, (9:00 A.M) , at 176, (First Floor), Botahtaung Pagoda Road, Pazundaung Township, Yangon Region.

- Liquidator's report and return will be presented at the meeting.
- All member are invited to attend.

U YE NOOS (LL.B)
LIQUIDATOR
Supreme Court Advocate
YE NOOS & ASSOCIATES (Law Firm)
176, (First Floor), Botahtaung Pagoda Road,
Pazundaung Township, Yangon Region.

**CHIMERA TRADING CO.,LTD.**

ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ (င) အရ၊ ဖျက်သိမ်းဆဲ CHIMERA TRADING CO.,LTD. ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၂၇. ၆. ၂၀၁၆ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၂၉၂၊ ဒု-လွှာ၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်စန်းစန်းဝင်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**AUNG DANA KYWE SERVICES COMPANY LIMITED**

ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ (င) အရ ဖျက်သိမ်းဆဲ AUNG DANA KYWE SERVICES COMPANY LIMITED ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပမည် ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၂၇. ၆. ၂၀၁၆ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၄၅၀၊ ၄ လွှာ၊ ကမ်းနားလမ်း၊ ဗိုလ်တထောင် မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်တင်တင်ကျော်

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ယူနိုက်တက်ခရီးယေးတစ်(ဗ်)အဲ(န်)ဂျင်းနီးယားရင်း(င်) ကုမ္ပဏီလီမိတက်**

**(UNITED CREATIVE ENGINEERING COMPANY LIMITED)**

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ မတ်လ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **(UNITED CREATIVE ENGINEERING CO., LTD.) ယူနိုက်တက်ခရီးယေးတစ်(ဗ်)အဲ(န်)ဂျင်းနီးယားရင်း(င်) ကုမ္ပဏီလီမိတက်** အား (၂၇. ၅. ၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ဒေါ်ဝင်းအိဖြူ (B.Com, CPA) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ ဇွန်လ (၂၇) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| Er Soon Leong | ဒေါ်ဝင်းအိဖြူ |
| Managing Director | (B.Com, CPA) |
| United Creative Engineering Co., Ltd. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

**WAN HAI LINES (MYANMAR) LIMITED**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ-၂၀၈ (င) အရ

နောက်ဆုံးအစည်းအဝေး

WAN HAI LINES (MYANMAR) LIMITED ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ-၂၀၈ (င) အရ နောက်ဆုံးအစည်းအဝေးကို တိုက်-၄၀၊ အခန်း-၁၀၂၊ အေးရိပ်မွန်အိမ်ရာ၊ စကားဝါလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၌ (၂၇-၆-၂၀၁၆) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးချန္ဒရာ
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
WAN HAI LINES (MYANMAR) LIMITED

NOTICE TO CREDITORS

**United Overseas Bank Limited**

(Yangon Representative Office)

Consequent on the upgrading of the Yangon Representative Office, to operate as a branch in the Republic of the Union of Myanmar, under the Central Bank of Myanmar's licence to operate as such, the Yangon Representative Office was closed down on and its affairs are being wound up with effect from 1st January, 2016.

All persons claiming to be creditors of the then Yangon Representative Office as 1st January, 2016 are therefore requested to submit their claim or claims, with documentary evidence to the undersigned at No. 64 (B) (1st Floor) Komin Kochin Road, Bahan Township, Yangon within one month of the date of publication of this notice.

Maung Maung Aung
Attorney & Liquidator

ပ၊ ထ၊ န - အမှတ် ၆၂၂/၁၅/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၂၇-၅-၂၀၁၆။